“သင်တို့သည် မိမိတို့ကိုယ်ကို

မတရားညှဥ်းဆဲခဲ့ကြသောသူတို့၏ နေရာများသို့

မဝင်ရောက်ကြကုန်လင့်။ သို့သော် အသင်တို့

ငိုကြွေးမြည်တမ်းလျက် (၎င်းတို့၏အဖြစ်ကို

သင်ခန်းစာယူသည့်အနေဖြင့် ဝင်လိုလျှင်သာ) ဝင်ကြလော့

အဗ်ဒုလ္လာဟ် ဗင်န် အိုမရ် (ရဿွိယလ္လာဟုအန်ဟုမာ) ထံမှ ဆင့်ပြန်လာရှိသည်။ ၎င်းကပြောပြသည်- ကျွန်ုပ်တို့သည် ရစူလ်တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)
နှင့်အတူ ဟိဂ်ျရ် (ဆမူးဒ်အမျိုးသားတို့နေထိုင်ရာ ကျောက်ဆောင်ဒေသ) ကို
ဖြတ်သန်းကြစဉ်၊ ရစူလ်တမန်တော်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ကျွန်ုပ်တို့အားမိန့်ကြားတော်မူသည်- “သင်တို့သည် မိမိတို့ကိုယ်ကို မတရားညှဥ်းဆဲခဲ့ကြသောသူတို့၏နေရာများသို့ မဝင်ရောက်ကြကုန်လင့်။ သို့သော် အသင်တို့ ငိုကြွေးမြည်တမ်းလျက်
(၎င်းတို့၏အဖြစ်ကို သင်ခန်းစာယူသည့်အနေဖြင့် ဝင်လိုလျှင်သာ) ဝင်ကြလော့။
အကြောင်းမှာ သူတို့ထံ ကျရောက်ခဲ့သောပြစ်ဒဏ်မျိုး သင်တို့ထံသို့လည်း
ကျရောက်လာမည်ကို စိုးရိမ်ရသော ကြောင့်ဖြစ်သည်။" ထို့နောက် ကိုယ် တော်သည် (မိမိ၏အစီးအနင်းကို) အရှိန်တင်ကာ ထိုနေရပ်ကို ကျော်လွန်သည်အထိ အမြန်နှုန်းဖြင့်
စီးနင်းသွားတော်မူခဲ့သည်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ဆမူးဒ်အမျိုးသားတို့၏ နေရပ်ကိုဖြတ်သန်းတော်မူသည့်ချိန်၌ မိမိတို့ကိုယ်ကို မတရားညှဉ်းဆဲခဲ့ကျသောအပြစ်ဒဏ်ခံရသည့်လူများ၏ နေရပ်သို့ ဝင်ရောက်ခြင်း သို့မဟုတ် သွားရောက်ခြင်းမှတားမြစ်တော်မူခဲ့သည်။ သို့ရာတွင် ငိုကြွေးမြည်တမ်းလျက်၊ ၎င်းတို့၏ အဖြစ်အပျက်ကိုသင်ခန်းစာယူလျက် ဝင်မည်ဆိုလျင်မူ ဝင်ရောက်သွားလာခွင့်ရှိသည်။ အကြောင်းမှာ၎င်းတို့ထံ သက်ရောက်ခဲ့သော ပြစ်ဒဏ်မျိုး မိမိထံသို့လည်း သက်ရောက် လာမည်ကိုစိုးရိမ်ရသောကြောင့်ဖြစ် သည်။ ထို့နောက် ကိုယ်တော်သည် မိမိ၏အစီးအနင်း(ကုလားအုပ်မ)ကိုအရှိန်တင်ကာ ထိုနေရပ်ကို ကျော်လွန်သည်အထိ အမြန်နှုန်းဖြင့်စီးနင်းသွားတော်မူခဲ့သည်။

http://sunnah.global/hadeeth/my/show/66294